# ကြီးပွားချမ်းသာ ဖုန်းရွှေပညာ

ဟိန်းလတ်



Feng Shui

(ဒုတိယအကြိမ်)

# စာရေးသူအမှာ

ကျွန်တော်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မြန်မာစာရေးဆရာကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မြန်မာသတင်းစာဆရာကိုယ်စားလှယ်အဖွဲ့အဖြစ်လည်းကောင်း၊ စီးပွားရေး ဆွေးနွေးပွဲတက်ရောက်သူအနေဖြင့်လည်းကောင်း (၇) ကြိမ်မျှ ရောက်ခဲ့ဖူးသည် ။ ကူမင်း၊ ရှန်ဟဲ၊ ဟန်ချို၊ ဘေ့ကျင်း၊ ဟောင်ကောင် စသည် ဖြင့် မြို့ကြီးတော်တော်များများ သို့ ရောက်ခဲ့ပါသည် ။ တရုတ်စာရေးဆရာ၊ ကဗျာဆရာများ နှင့် စာပေအနုပညာ ဆွေးနွေးပွဲများ ၊ စာတမ်းဖတ်ပွဲများ နှင့် နေ့စဉ် မိုးလင်းမှ မိုးချုပ် မအားမလပ်ရအောင် ရှိလှသည် ။ တနင်္ဂနွေလိုနေ့မျိုးများကျမှ လေ့လာစရာ ကြည့်ရှုစရာတွေ သွားရ၊ ကြည့်ရ၊ အာလာပသလ္လာပ ပေါ့ပေါ့ပါးပါး စကားတွေပြောရဆိုရ၊ လူတန်းစာမျိုးစုံနှင့် လွတ်လွတ်လပ်လပ် တွေ့ဆုံရသည် ။ နဂိုကတည်းက ကျွန်တော်လည်း ဒဿနိကကို စိတ်ဝင်စား၍ စာအုပ်တွေ လျှောက်ဖတ်ခဲ့ရာမှ တရုတ်ဒဿနဖြစ်သော တောက်ဝါဒ (Taoism) နှင့် ပတ်သက်၍ အတော်ထဲထဲဝင်ဝင်လေ့လာဖူးသည် ။ တရုတ်ဒဿနဆရာကြီး ကွန်ဖြူးရှပ်စ်အကြောင်းကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်သမျှ စာအုပ်အကုန်နီးနီးရှာဖွေဖတ်ရှုဖူးသည် ။ ယီချင်း (I Ching) ခေါ် အပြောင်းအလဲကျမ်းကို ဘုတ်ကြီးငါးပါး

အမည်ဖြင့် ဆောင်းပါးတွေ ရေးဖူးသည် ။ တောက်ဝါဒနှင့် တောက်ဝါဒဆရာကြီး လောက်ဇုအကြောင်းတွေကို တရုတ်ဘုံကျောင်းတွေမှာ၊ ဟောပြောပွဲတွေမှာ ကျွန်တော်က ဟောပြောဖူး၏။ ဆိုလိုသည် မှာ မြန်မာပြည်ရှိ တရုတ် စာတတ်ပုဂ္ဂိုလ် တရုတ်လူမျိုးတွေထက် ကျွန်တော်က တရုတ်ဒဿနတွေအကြောင်း ပြောလွန်လွန်း၍ နားကြားပျင်းကပ်လာသလားမသိ။ စကားပြန်မလေး ဂုံးယီက ကျွန်တော့်ကို တရုတ်ပညာရှိ ရှေးလူကြီးတွေနှင့်ဆုံပေးသည် ။ ကျွန်တော်က သိချင်တာတွေ အင်္ဂလိပ်လိုမေး။ ဂုံးယီကတစ်ဆင့် တရုတ်ကြီးတွေကို တရုတ်လိုဘာသာပြန်။ တရုတ်ကြီးတွေပြောတာကို သူက အင်္ဂလိပ်ဘာသာဖြင့် တစ်ဆင့်ပြန်ပြော။ ပြောရင်းပြောရင်းနှင့် ဖုန်းရွှေဆိုသော အတတ်ပညာကို ကျွန်တော်ရိပ်ဖမ်းသံဖမ်းသိလာရသည် ။ ကိုယ့်ကိုယ်ကိုယ် တရုတ်ဒဿနပိုင်လှပြီထင်သောကျွန်တော်သည် တရုတ်ပြည်တွင် နှစ်ပေါင်း သုံးထောင်ကျော်သန္ဓေတည်ခဲ့သော ဖုန်းရွှေကို ယခုမှ ကြားဖူးသည် ဆို၍ တရုတ်လူကြီးတွေက အံ့သြနေကြသည် ။

ထို့ကြောင့် တရုတ်လူမျိုးတွေ မွေးသည် မှ သေသည် အထိ မသုံးမဖြစ် သုံးနေကြသော ဤပညာကို ကျွန်တော်လိုက်စားရတော့၏။ တကယ်တော့ ဖုန်းရွှေမှာ တရုတ်တို့ ၏ နေရာချထားမှု အတတ်ပညာဖြစ်သည် ။ ဘယ်လိုမြေမျိုးမှာ အိမ်ဆောက်လျှင် ခိုက်တတ်တယ်။ ဘယ်လိုမြေမှာ ဘယ်လိုအိမ်ပုံစံမျိုးဆောက်ရင် စီးပွားတတ်တယ်။ အိမ်ရှေ့တံခါးမကြီးနေရာ အထားမှားရင် ကျန်းမာရေးချူချာမယ်။ တံခါးပြောင်းဖောက်လိုက်ရင် ကျန်းမာရေးကောင်းသွားမယ်စသဖြင့် မြေနေရာ၊ အိမ်ပုံစံ၊ အခန်းဖွဲ့စည်းပုံ၊ ပရိဘောဂနေရာချထားပုံများကို သဘာဝနှင့်

သဟဇာတဖြစ်အောင်လုပ်ပြီး မိမိအတွက် အကျိုးရှိရာရှိကြောင်းတွေ ပြုလုပ်နိုင်သည့် ရှေးဟောင်းသျှတ္တရပညာဖြစ်ပါသည် ။ နှစ်ပေါင်းများ စွာ လက်တွေ့စမ်းသပ်ခဲ့ပြီးသော နည်းများ ဖြစ်၍ လည်း အော င် မြ င် မှု မှာ ရာနှုန်းပြည့်လုနီးပါးဖြစ်သည် ။ ယခုဆိုလျှင် ဟောင်ကောင်၊ ထိုင်ဝမ်၊ စင်ကာပူ၊ မလေးရှားတို့ တွင် ဘာလုပ်လုပ် ဖုန်းရွှေမပါလျှင် မပြီးတော့ ။ မင်္ဂလာရက်ရွေးတာ၊ အလှူလုပ်တာ၊ ပါတီကျင်းပတာတို့ မှ အစ အသုဘအခမ်းအနားနှင့် သင်္ချိုင်းအုတ်ဂူ နေရာရွေးတာအဆုံး ဖုန်းရွှေအစီအရင်အတိုင်း လုပ်ကြသည် ။ သင်္ချိုင်းမြေနေရာ အရွေးမှန်လျှင် ကွယ်လွန်သူသည် နောင်ဘဝတွင် ချမ်းသာစွာနေရမည်ဟု ယုံကြည်ကြသည် ။ ကုန်ကုန်ပြောရလျှင် ဆံပင်ညှပ်တာ၊ သစ်ပင်ခုတ်တာ၊ မြက်ရိတ်တာကအစ ဖုန်းရွှေအချိန်ကောင်းကို တွက်၍ လုပ်ကိုင်ကြသည် အထိ။ မြန်မာအင်္ဂဝိဇ္ဇာပညာရှင်တို့ တိုင်ထူ၍ ဟောသလို ဖုန်းရွှေတွင် လည်း တိုင်ထူ၍ ရှေ့ဖြစ်ဟောနည်းတွေရှိသည် ။ ယခုအခါတွင် အရာရာကို ဖုန်းရွှေပညာနှင့်မညှိနှိုင်းဘဲ လုပ်ဝံ့သူနည်း လာပြီ။ ဖုန်းရွှေပညာအနောက်တိုင်းသို့ စရောက်လာသည် မှာ ၁၈၇၃ ခုနှစ်တွင် လန်ဒန်သာသနာပြုအဖွဲ့မှ ဘုန်းတော်ကြီး အားနက်၊ ဂျေ၊ အိုက်တဲလ်၏ ဘာသာပြန်မှ စတင်ခဲ့သည် ။ ယခုတော့ အမေရိကန်သမ္မတအိမ်တော်မှ အစ ဖုန်းရွှေပညာမသုံးတာဟူ၍ မရှိတော့။ ဖုန်းရွှေပညာသည် ဘာသာရေးမဟုတ်။ မမြင်နိုင်သော တန်ခိုးရှင်၊ စွမ်းအားရှင်တွေကိုပင့်ဖိတ်ပြီး အကူအညီတောင်းသော ပညာလည်း မဟုတ်။ ထို့အတူ သိပ္ပံပညာလည်း မဟုတ်။ ရှေးနှစ်ပေါင်းများ စွာကတည်းက ဘိုးဘွားစဉ်ဆက် ရှာဖွေတွေ့ရှိခဲ့ပြီး ယနေ့တိုင် အောင်မြင်ယုံကြည်စွာကျင့်သုံးနေကြသည့် လောကီပညာသာ

ဖြစ်ပါသည် ။ ဩကာသလောကကြီးထဲမှာ နဂိုကတည်းကရှိနှင့်ပြီးသား ဓာတ်တွေကို ချူယူသည့်ပညာဖြစ်ပါသည် ။ ဤကျယ်ပြောလှသော ကမ္ဘာလောကကြီးထဲတွင် မိမိတစ်ကိုယ်စာ အောင်မြင်စွာ ရှင်သန်ရပ်တည်နိုင်ဖို့ ရာ မည်သည့်နေရာကို ရွေးနေရမည်။ မည်သို့မည်ပုံနေရမည် ဆိုသောအချက်ကို ဖုန်းရွှေက သင်ပေးပါသည် ။

ကမ္ဘာလောကကို စကြဝဠာကြီး၏ စွမ်းအားတွေက ရိုက်ခတ်ဩဇာသက်ရောက်နေ၏။ ထိုစွမ်းအားသဘာဝကို လိုက်လျောညီထွေနေတတ်မှ မိမိအတွက် အကျိုးရှိမည်။ ထိုသို့ စကြဝဠာ သဘာဝနှင့် လိုက်လျောညီထွေနေတတ်အောင် ပြ သ သော ပ ညာ မှာ ဖုန်းရွှေပင် ဖြစ်၏။ ဖုန်းရွှေမှန်လျှင် မိသားစုချမ်းမြေ့သာယာမည်။ အိမ်ထောင်ရေးကောင်းမည်။ ကျန်းမာရောဂါကင်းပြီး အသက်ရှည်မည်။ လုပ်ငန်းကိုင်ငန်းအောင်မြင်မည်။ ငွေကြေးချမ်းသာ ကြွယ်ဝမည်။ ကံကြမ္မာကောင်းမည်။ ထို့ကြောင့် ဤစာအုပ်ကို ကြီးပွားချမ်းသာ ဖုန်းရွှေပညာဟု နာမည်ပေးထားပါသည် ။ တကယ်ပင် လျှပ်တစ်ပြက်အတွင်း ကျန်းမာချမ်းသာစေမည့် အလွယ်ကူဆုံးနည်းလမ်းများ ဖြစ်၍ လက်တွေ့စမ်းသပ်ကြည့်ကြကာ ကာယသုခ၊ စိတ္တ သုခ ပြည့်စုံသော သူတော်ကောင်းသူကြွယ်တွေ ဖြစ်ကြလိမ့်မည်ဟု ကျွန်တော် ရာနှုန်းပြည့်ယုံကြည်စွာဖြင့် ဤစာအုပ်ကိုရေးသားလိုက်ခြင်း ဖြစ်ပါသည် ။

**ဟိန်းလတ်**

*****